# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၁၇–၉–၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးဘေးတွင် လူမှုဖူလုံရေးဆေးခန်းနှင့် ရုံးခန်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်၏ **နမ့်စန်လေယာဉ်ကွင်းတွင် တပ်မတော်လေယာဉ်များအပြင် အရပ်ဘက်ခရီးသည်တင် လေယာဉ်များ ပြေးဆွဲပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကြည်သာ၊ ဝ မဲဆန္ဒနယ်၏ **ဝမြို့ရှိ လေယာဉ်ကွင်း အဟောင်းအား ပုဂ္ဂလိက ကုမ္ပဏီများသို့ လွှဲပြောင်း လုပ်ကိုင်ခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ကျောက်ပန်းတောင်းမြို့နယ်၊ ဆိတ်ထိန်းရွာနှင့် ကမ်းဖြူရွာအနီး မြေအောက်မှ သဘာဝ ဓာတ်ငွေ့ရရှိပါက တာဘိုင်ဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် စမ်းသပ်ထုတ်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ကမ်းလွန်နှင့် ကုန်းတွင်း ရေနံသဘာဝဓာတ်ငွေ့လုပ်ကွက်များကို ကျွမ်းကျင် ပညာရှင်များ ပါဝင်သော အဖွဲ့များဖြင့် စောင့်ကြည့်ကြပ်မတ်ပေးသော အစီအမံ ရေးဆွဲဆောင်ရွက်နိုင်ခြင်းရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်မွေးလွင်၊ မင်းကင်း မဲဆန္ဒနယ်၏ **ကျန်ရှိ သစ်တောဧရိယာ နှင့် သစ်အမျိုးအစားကို စိစစ်သတ်မှတ်၍ နှစ်စဉ်ထုတ်လုပ်မှုကို လျှော့ထားပြီး စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်ရန်အတွက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရန်နှင့် သစ်မှောင်ခိုများကို အပြီးအပြတ် ထိန်းချုပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **မြောင်မြို့နယ်၊ သစ်တောရုံး (စိမ်းစို) အဆောက်အအုံအား ခွင့်ပြုနေရာသို့ ရွှေ့ပြောင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးစိုင်းငေါ်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်း ၅ ကျောင်းတို့အား မူလရုပ်နှင့် ဥပစိရုပ်ထွက်ရှိရေး မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ မြို့မ အမက(၁)ကျောင်းဟောင်းအား ဖျက်သိမ်း၍ ၂၀၁၅–၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **ဒေသအသီးသီးရှိ အခြေခံပညာကျောင်းများတွင် လိုအပ်သော စာသင်ခုံ၊ စားပွဲနှင့် ကုလားထိုင်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။